# Karenni Nationalities Defence Force
# ကရင်နီအမျိုးသားများကာကွယ်ရေးတပ်

## တိုက်ပွဲသတင်းထုတ်ပြန်ချက်

နေ့စွဲ။ ။၂၀၂၁ ခုနှစ်၊ နိုဝင်လဘာလ (၃) ရက်နေ့။

ယနေ့ နိုဝင်ဘာလ (၃) ရက်နေ့ နေ့လည် (၁၂း၀၀) မှ စ၍ ဖယ်ခုံမြို့နယ် ခေါင်းအိကျေးရွာ အုပ်စု လွယ်ဝှဲကျေးရွာတွင် တပ်စွဲထားသော အကြမ်းဖက်စစ်ကောင်စီတပ်များကို ကရင်နီတပ်မတော်(KA)၊ KNDF ၊ PDF (ဖယ်ခုံ)နှင့်PDF ပူးပေါင်းမဟာမိတ်တပ်တို့မှထံမံ ခုခံတိုက်ခိုက်ခဲ့ပါသည်။

ထိုတိုက်ပွဲအတွင်း အကြမ်းဖက်စစ်ကောင်စီတပ်ဘက်မှ (၂)ယောက် သေဆုံးခဲ့ပြီး အများအပြား ထိခိုက်ဒဏ်ရာရခဲ့ပါသည်။ မိမိတို့ဘက်တွင် PDF မှရဲဘော် နှစ်ဦး မစိုးရိမ်ရသော ဒဏ်ရာများ ရခဲ့ပါသည်။ တိုက်ပွဲမှာ မွန်းတည့်(၁၂း၀၀) ညနေ (၁၇း၀၀) နာရီကျော်အထိကြာမြင့်ခဲ့ပါသည်။

အကြမ်းဖက်စစ်ကောင်စီတပ်များသည် လွယ်ဝှဲရွာမှ ဆုတ်ခွာသည့် ယနေ့ နံနက်ပိုင်းတွင် ကျေးရွာ အတွင်းရှိ နေအိမ်များကို မီးရှို့ဖျက်စီးခဲ့ပါသည်။ ထို့အပြင် အကြမ်းဖက်စစ်ကောင်စီတပ်၏ ဖယ်ခုံမြို့ အခြေစိုက် အမြောက်တပ်ရင်းမှ တိုက်ပွဲဖြစ်ပွားရာနေရာသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ပါသည်။ ဖယ်ခုံမြို့ကိုလည်း လုံခြုံရေးတင်းကျပ်ပြီး အစိုးရဌာနဆိုင်ရုံးများတွင် လက်နက်ကြီးအမြောက်များ ချထားခြင်း ခံတပ်အဖြစ်အသွင်ပြောင်းခြင်းများ ပြုလုပ်လျက်ရှိပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်။ ၀၉၇၅၅၈၈၄၀၄၁၊ ၀၉ ၄၂၅ ၅၁၇ ၅၉၄၊ ၀၉ ၇၆၅ ၇၃၃ ၁၆၈။